**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**
**သစ်တောဦးစီးဌာန**
**တနင်္သာရီသဘာဝကြိုးဝိုင်းလုပ်ငန်းစီမံကိန်း၊ စီမံကိန်းဒါရိုက်တာရုံး**
**ရုံးအမှတ်(၃၉)၊ နေပြည်တော်**

## နည်းပညာအကြံပေးအဖွဲ့ အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ သစ်တောဦးစီးဌာန၊ တနင်္သာရီသဘာဝကြိုးဝိုင်းစီမံကိန်းတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် စီမံကိန်း ကာလအတွင်း သဘာဝကြိုးဝိုင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းလုပ်ငန်းများ ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အုပ်ချုပ်လုပ်ကိုင်မှု စီမံချက် ရေးဆွဲရာတွင် စီမံကိန်းဒါရိုက်တာနှင့် သဘာဝကြိုးဝိုင်း စီမံအုပ်ချုပ်လုပ်ကိုင်မှုအဖွဲ့တို့အား ကူညီပံ့ပိုးပေးခြင်း၊ သင်တန်းများပေးခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ကင်းလှည့်ခြင်းလုပ်ငန်းများကို မှတ်တမ်းတင်ခြင်းနှင့် သုတေသနလုပ်ငန်းများဆောင်ရွက်ရန် နည်းပညာဆိုင်ရာ ပံ့ပိုးကူညီမှုများ ဆောင်ရွက်ရန်အတွက် **ပြင်ပနည်းပညာအကြံပေးအဖွဲ့**ကို ခေါ်ယူလိုပါသဖြင့် အောက်ဖော်ပြပါ သတ်မှတ်အရည်အချင်းများ နှင့် ကိုက်ညီသောအဖွဲ့များ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

( ခ) လျှောက်ထားသူအဖွဲ့သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတွင် တရားဝင်မှတ်ပုံတင်ထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းကို ဆောင်ရွက် နေသော အစိုးရမဟုတ်သည့် အဖွဲ့ဖြစ်ရပါမည်။

( ဂ) လျှောက်ထားသည့်အဖွဲ့တွင် ပါဝင်သူများသည် ဂေဟစနစ်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာဘာသာရပ်၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများစီမံအုပ်ချုပ်မှုဆိုင်ရာဘာသာရပ်၊ သစ်တောထိန်းသိမ်းရေးနှင့် ဇီဝဗေဒဆိုင်ရာ ဘာသာရပ်များနှင့် Forest Landscape Restoration ဆိုင်ရာဘာသာရပ်များတွင် အတွေ့အကြုံရှိပြီး ကျွမ်းကျင်သည့်ပညာရှင် အနည်းဆုံး (၃)ဦး ပါဝင်ရမည်။

(ဃ) လျှောက်ထားသည့်အဖွဲ့တွင် ပါဝင်သူများသည် သဘာဝကြိုးဝိုင်းနှင့် တောရိုင်းတိရစ္ဆာန်နှင့် သစ်တောပြုစုထိန်းသိမ်းသည့် စီမံကိန်းလုပ်ငန်းဆိုင်ရာ လုပ်ငန်းအတွေ့အကြုံ (၅) နှစ် အထက်ရှိရမည်။

(င) လျှောက်ထားသည့်အဖွဲ့တွင် ပါဝင်သူများသည် မြန်မာနိုင်ငံ၏ သဘာဝထိန်းသိမ်းရေးနယ်မြေစီမံအုပ်ချုပ်မှုဆိုင်ရာ အတွေ့အကြုံရှိပြီး ဇီဝမျိုးစုံမျိုးကွဲစာရင်း

ကောက်ယူခြင်း၊ အကဲဖြတ်သုံးသပ်ခြင်းနှင့် နယ်မြေကွင်းဆင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ဖူးသူဖြစ်ရမည်။

(စ) လျှောက်ထားသည့်အဖွဲ့သည် သဘာဝထိန်းသိမ်းရေးနယ်မြေ အုပ်ချုပ်လုပ်ကိုင်မှု စီမံချက်များ ရေးဆွဲပြုစုခြင်း (သို့မဟုတ်) နည်းပညာအကြံပြုခြင်းများ ဆောင်ရွက်ဖူးသူဖြစ်ရမည်။

(ဆ) လျှောက်ထားသည့်အဖွဲ့တွင် ပါဝင်သူများသည် သစ်တောဦးစီးဌာန၊ တနင်္သာရီ သဘာဝကြိုးဝိုင်းလုပ်ငန်းစီမံကိန်းမှ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရပါမည်။

(ဇ) လျှောက်ထားသည့်အဖွဲ့သည် တနင်္သာရီသဘာဝကြိုးဝိုင်းစီမံအုပ်ချုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာဆိုင်ရာအကြံပြုချက်များ၊ စီမံကိန်းဧရိယာအတွင်းရှိဒေသခံများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံပြုချက်များ ပေးနိုင်ရေးအတွက် ဆက်စပ်ဌာန၊အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၂။ အသေးစိတ်သိရှိလိုပါက **"တနင်္သာရီသဘာဝကြိုးဝိုင်းလုပ်ငန်းစီမံကိန်း၊ စီမံကိန်းဒါရိုက်တာရုံး၊ ရုံးအမှတ် (၃၉)၊ သစ်တောဦးစီးရုံးချုပ်၊ နေပြည်တော်သို့"** လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းနံပါတ်– ၀၉ ၄၄၈ ၅၃၇ ၃၇၀၊ ၀၉ ၇၆၈၉၆၀၀၅၅ သို့ဖြစ်စေ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

## သစ်တောဦးစီးဌာန

## ပြင်ပနည်းပညာအကြံပေးခေါ်ယူခြင်း

ရက်စွဲ ။ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂ ရက်

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ တနင်္သာရီသဘာဝကြိုးဝိုင်းလုပ်ငန်းစီမံကိန်းတွင် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာပံ့ပိုးကူညီမှုများ ဆောင်ရွက်ရန်အတွက် အောက်ဖော်ပြပါ ပြင်ပနည်းပညာအကြံပေးအဖွဲ့ကို မြန်မာကျပ်ငွေဖြင့် ခေါ်ယူခန့်ထားလိုပါသည် -

| Lot No. | အကြောင်းအရာ | အရေအတွက် |
|---|---|---|
| T-1 | တနင်္သာရီသဘာဝကြိုးဝိုင်းလုပ်ငန်းစီမံကိန်းတွင် နည်းပညာဆိုင်ရာ ပံ့ပိုးကူညီမှုများ ဆောင်ရွက်ရန်အတွက် ပြင်ပနည်းပညာအကြံပေးအဖွဲ့ ခေါ်ယူခြင်း | ကျွမ်းကျင်ပညာရှင် အနည်းဆုံး (၃)ဦးပါသော အဖွဲ့(၁)ဖွဲ့ |

၂။ လျှောက်လွှာနောက်ဆုံးပေးပို့ရမည့်ရက် - (၁-၇-၂၀၂၅) ရက်နေ့(၁၆ : ၀၀)နာရီ အထိ

၃။ လျှောက်ထားရမည့်ပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက် စုံစမ်းနိုင်ပါသည်။

သစ်တောဦးစီးဌာန
ရုံးအမှတ် ၃၉၊ နေပြည်တော်
တနင်္သာရီသဘာဝကြိုးဝိုင်းလုပ်ငန်းစီမံကိန်း၊ ဒါရိုက်တာရုံး
၀၉ - ၇၈၅၅၃၇၃၇၀ , ၀၉ - ၇၆၈၉၆၀၀၅၅